# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့။

စက်တင်ဘာ (၃၀) ရက်နေ့ မွန်းလွဲ(၁၄း၀၀) နာရီ ခန့်တွင် ကုန်းသာကျေးရွာတွင် အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်များ (၁၀) မိနစ်ခန့် နှစ်ဖက်ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ကုန်းသာကျေးရွာအနီးရှိ တောင်ပေါ်တွင် အကြမ်းဖက် စစ်ကောင်စီတပ်များမှ တပ်ဆွဲလျက်ရှိပြီး၊ ကုန်းသာကျေးရွာအတွင်းနှင့် အနီးအနားနေရာများသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် စက်တင်ဘာလ (၂၉) ရက်နေ့ တိုက်ပွဲအတွင်း အများအပြားထိခိုက်ကျဆုံးခဲ့သဖြင့် ထိခိုက်ဒဏ်ရာရသူအချို့ကို သယ်ဆောင်ကာ မိုးဗြဲဘက်သို့ တပ်အင်အားအချို့ တပ်ဆုတ်ခဲ့ပါသည်။ ယနေ့ မနက်ပိုင်းမှစ၍ အကြမ်းဖက်စစ်ကောင်စီတပ်များမှ လက်နက်ကြီးများဖြင့် တဖက်သတ် ရမ်းသမ်းပစ်ခတ်ခဲ့သဖြင့် ကုန်းသာကျေးရွာအတွင်းရှိ နေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ရပါသည်။

စက်တင်ဘာလ (၂၉) ရက်နေ့တိုက်ပွဲတွင်း မိမိတို့ ကရင်နီပူးပေါင်းတပ်များဖက်မှ အာဇာနည် (၆) ဦးကျဆုံးခဲ့ပါသည်။ ကရင်နီပူးပေါင်းတပ်မှ ကျဆုံးသွားသော အာဇာနည် ရဲဘော်များအားလုံးကို သမိုင်းမှတ်တမ်းတင် အလေးပြုပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ။ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။

၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈။